# ခင်နှင်းယု၏ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များ

မြင့်မြင့်လှိုင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခင်နှင်းယု၏ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များကို ဖော်ထုတ် တင်ပြထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ ဆရာကြီးမောင်ထင်၏ ဘဝသရုပ်ဖော် အဖွဲ့နှင့် ပတ်သက်သော အခြေခံအင်္ဂါရပ်များဖြင့် ချိန်ထိုး၍ ခင်နှင်းယု၏ဝတ္ထုရှည်များမှ သဘာဝ သရုပ်ဖော် အဖွဲ့များကို လေ့လာတင်ပြလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။ဤစာတမ်း ကိုပြုစုရာ၌ ခင်နှင်းယု၏ ဝတ္ထုရှည် (၇)ပုဒ်ကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ ဤစာတမ်းတွင် ခင်နှင်းယု၏အတ္ထုပ္ပတ္တိအကျဉ်း၊ သရုပ်ဖော်ခြင်းဟူသည်၊ ခင်နှင်းယု၏ ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များဟူ၍ ခွဲကာ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မြန်မာစာပေအတွက်လည်းကောင်း၊ သဘာဝသရုပ်ဖော်အဖွဲ့ လေ့လာလိုသူများ အတွက်လည်းကောင်း အထောက်အကူပြုနိုင်မည်ဟု ယုံကြည် မျှော်လင့်ပါသည်။

သော့ချက်ဝေါဟာရများ – ဝတ္ထုရှည်၊ သဘာဝသရုပ်ဖော်အဖွဲ့။

## နိဒါန်း

ဤစာတမ်းသည် ခင်နှင်းယု၏ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များကို ဖော်ထုတ်တင်ပြထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ ဤစာတမ်းကို ပြုစုရာတွင် ခင်နှင်းယု၏ ဝတ္ထုရှည်များထဲမှ (၇)ပုဒ်ကို ရွေးချယ်၍ အခြေခံကာ လေ့လာဖော်ထုတ်ထားပါသည်။ ဤစာတမ်း ကို အခန်း (၃)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ အခန်း(၁) ခင်နှင်းယု၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း(၂) သရုပ်ဖော်ခြင်းဟူသည်၊ အခန်း(၃)ခင်နှင်းယု၏ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော် အဖွဲ့များတို့ဖြစ်ပါသည်။ ဆရာကြီးမောင်ထင်က ဘဝသရုပ်ဖော်အဖွဲ့နှင့် ပတ်သက်သော အခြေခံ အင်္ဂါရပ်(၆)ပါး ဖော်ပြထားပါသည်။ ထိုအထဲမှ သဘာဝကိုသရုပ်ဖော်ကောင်းခြင်း ဟူသည့်အချက်ကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ အခန်း(၃)တွင် ရာသီသဘာဝနှင့် အင်းလျားကန်အလှသဘာဝဟူ၍ အခန်းငယ် (၂)ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။

## ၁။ ခင်နှင်းယု၏ အတ္ထုပ္ပတ္တိအကျဉ်း

ခင်နှင်းယုကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ရရက်၊ တနင်္လာနေ့တွင် ဝါးခယ်မမြို့၌ အစိုးရကျောင်းဆရာကြီး ဦးဘနှင့် ဒေါ်သိန်းတင်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဒေါ်ခင်စု ဖြစ်သည်။ ၁၉၄၃ – ဂျပန်ခေတ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ဂျပန်ခေတ် ဝါးခယ်မ မြို့နယ် အာရှလူငယ်အစည်းအရုံးတွင် အမျိုးသမီးဌာန အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ခင်နှင်းယု ကလောင်အမည်ဖြင့် ပထမဆုံးရေးသားသော 'အရိုင်း'ဝတ္ထု စာပဒေသာမဂ္ဂဇင်းတွင် ဖော်ပြခံခဲ့ရသည်။ ၁၉၄၈ တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သည်။ ထိုနှစ် မြန်မာပြည် အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် 'အချို' ကလောင်အမည်ဖြင့် ရေးသားသော

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

ဝတ္ထုတိုသည် တတိယဆုရွှေတံဆိပ်ဆုရခဲ့သည်။ ၁၉၅၀ တွင် ဗိုလ်ကြီး ကျော်သောင်းနှင့် လက်ထပ်ခဲ့သည်။

၁၉၅၃ တွင် မြဝတီမဂ္ဂဇင်းဝတ္ထုဆောင်းပါး စာပေပြိုင်ပွဲ၌ စာဖတ်ပရိသတ် ဆန္ဒအရ ထိုနှစ်အတွက် ပထမဆုကို 'သရဖူ' ဝတ္ထုရှည်ဖြင့် ဆွတ်ဆူးရရှိခဲ့သည်။ ၁၉၆၀တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာတန်း(ဘီအေ)ကို အင်္ဂလိပ်ဘာသာ စာစီစာကုံး၊ ခေတ်သစ်အနောက်တိုင်း သမိုင်း၊ မြန်မာဝေါဟာရနှင့် အနုစာပေ၊ ကမ္ဘာ့အရှေ့ဖျားသမိုင်း ဘာသာတွဲများဖြင့် အောင်မြင်ခဲ့ သည်။

၁၉၆၁ တွင် ကြေးမုံရိပ်သွင် ဝတ္ထုတိုပေါင်းချုပ်ဖြင့် စာပေဗိမာန်တစ်ထောင်ဆုရရှိခဲ့သည်။[၁] ပေဖူးလွှာ၊ ကလျာ၊ ရင်ခုန်ပွင့်၊ စံပယ်ဖြူ၊ လုံမလေး၊ ချယ်ရီ၊ မိုးဝေ မဂ္ဂဇင်းများတွင် ဝတ္ထု၊ကဗျာ၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၉၆ တွင် မြကြာဖြူ ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံခဲ့ရသည်။ ခင်နှင်းယု၏ ဝတ္ထုများမှာ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေရပြီး ဇာတ်လမ်းကို ရုပ်ရှင်၊ ဗွီဒီယိုများအဖြစ်လည်း ရိုက်ကူးပြသကြကြောင်း တွေ့ရပါသည်။

ကွယ်လွန်ချိန်အထိ ရေးသားထုတ်ဝေပြီးခဲ့သော လုံးချင်းဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်းဝတ္ထုရှည်များမှာ အုပ်ရေ (၅၀)ကျော်၊ ဝတ္ထုတိုပေါင်း(၁၀၀)ကျော်နှင့် ဆောင်းပါး (၁၀၀)ကျော် ရေးသားခဲ့ပါသည်။ ခင်နှင်းယုသည် ၂၀၀၃ ခုနှစ်၊ ဇန္နဝါရီလ (၂၁)ရက်၊ အသက်(၇၈)နှစ်အရွယ် တွင် ကွယ်လွန်ခဲ့ပါသည်။

## ၂။ သရုပ်ဖော်ခြင်းဟူသည်

သရုပ်ဖော်ခြင်းနှင့်ပတ်သက်၍ ပညာရှင်များက အမျိုးမျိုး ကြံဆခဲ့ကြပါသည်။ ဆရာကြီး ဦးအုန်းသော်က သရုပ်ဖော်ရေးနည်းနှင့်ပတ်သက်၍ စာရေးနည်းလေးမျိုးစာအုပ်တွင် –

> **သရုပ်ဖော်ရေးနည်းဟူသည် မိမိတွေ့ကြုံ သိမြင်ခဲ့သော၊ စိတ်ကူးမိသော ရုပ်အမူအရာတို့ကို မိမိတွေ့ကြုံသိမြင်ရဘိသို့၊ စာဖတ်သူတွေ့ကြုံသိမြင်လာအောင်၊ မြင်ယောင် ကြားယောင်လာအောင် ရေးသား ဖော်ပြသော ရေးနည်း ဖြစ်သည်။ သက်ရှိသက်မဲ့တို့၏ ဂုဏ်အရည် အသွေး၊ ပုံပန်းသဏ္ဌာန်၊ လှုပ်ရှားမှု စသည်တို့ကို အသေးစိတ် ခြယ်မှုန်းပြသော ရေးနည်းဖြစ်သည်။**[၂]

ဟူ၍ဖော်ပြထားပါသည်။

ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)ကလည်း သရုပ်ဖော်အဖွဲ့နှင့်ပတ်သက်၍ စကားပြေ သဘောတရား၊ စကားပြေအတတ်ပညာ စာအုပ်တွင် –

> **သက်ရှိသက်မဲ့ အကောင်အထည်တို့၏ ပုံပန်းသွင်ပြင်၊ အရောင်အသွေး၊ အသံစသည်တို့ကို မြင်ယောင် ကြားယောင်လာအောင် ရေးဖွဲ့သော စာပိုဒ်မျိုး ဖြစ်သည်။**[၃]

ဟူ၍ ဖော်ပြထားပါသည်။

---

[၁] စာပေဂျာနယ်၊ ၁၉၉၅၊ ၁၈ – ၂၁။

[၂] အုန်းသော်၊ ဦး၊ ၁၉၇၉၊ ၄၆။

[၃] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၈၊ ၁၉၂။

ဆရာကြီး မောင်ထင်ကလည်း ဘဝသရုပ်ဖော်အဖွဲ့နှင့်ပတ်သက်၍ ဘဝသရုပ်ဖော် မြန်မာဝတ္ထုရှည် စာတမ်းတွင် –

ဘဝသရုပ်ဖော်ကောင်းသည်ဟု ဆိုရလောက်အောင် အောက်ပါအခြေခံအင်္ဂါရပ်များနှင့် ညီညွတ် ရမည်။

> **(၁) သဘာဝကို သရုပ်ဖော်ကောင်းခြင်း (သဘာဝထဲမှာ တောတောင် ရေမြေ၊ ကျေးငှက်သာရကာ တို့ပါဝင်ကြောင်း သတိပြုပါ။)**
>
> **(၂) ရုပ်ဆင်းသဏ္ဌာန်တို့ကို သရုပ်ဖော်ကောင်းခြင်း**
>
> **(၃) လူ့စရိုက်ကို သရုပ်ဖော်ကောင်းခြင်း**
>
> **(၄) ဝေဒနာ (ခံစားမှု) ကိုသရုပ်ဖော်ကောင်းခြင်း**
>
> **(၅) အတွေးအခေါ် သရုပ်ဖော်ကောင်းခြင်း**
>
> **(၆) လူမှုရေးသရုပ်ဖော်ကောင်းခြင်း (လူမှုရေးဆိုသည်မှာ လူ့ဘောင် အဖွဲ့အစည်းတွင် ပါဝင်သော လူတန်းစားအသီးသီး တို့၏ ဆက်ဆံရေး ဖြစ်သည်။)**
>
> **အထက်ပါအင်္ဂါရပ် ခြောက်ပါးအနက် တစ်ပါးပါးနှင့် ပြည့်စုံလျှင်ပင် သရုပ်ဖော်ကောင်းသည်ဟုဆိုနိုင်သည်။[၁]**

ဟူ၍ ဖော်ပြထားပါသည်။

ထို့ကြောင့် သရုပ်ဖော်ကောင်းတို့မည်သည် သက်ရှိ၊ သက်မဲ့၊ အကောင်အထည်တို့၏ အသွင်၊ အရောင်အသွေး၊ အသံ၊ သဘာဝအလှ၊ စရိုက်၊ ခံစားမှု၊ အတွေးအခေါ်၊ လူမှုရေးစသည်တို့ကို စာဖတ်သူတို့ မြင်ယောင်ကြားယောင်လာအောင် ရေးဖွဲ့နိုင်ရမည် ဖြစ်ပါသည်။

## ၃။ ခင်နှင်းယု၏ ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များ

ခင်နှင်းယု၏ ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များကို လေ့လာတင်ပြရာတွင် 'ပန်းများကို ပွင့်စေသူ'၊ 'ပျားရည်အိုင်'၊ 'ပိုးခန်းဆီးနောက်မှ ငရဲခန်း'၊ 'ဘယ်သို့သော အကြောင်းကြောင့်'၊ 'အောင်မြင်သောနေ့'၊ 'မွေး'၊ 'မြကြာဖြူ' ဝတ္ထုများဖြင့် လေ့လာတင်ပြ သွားပါမည်။

### ၃၊၁။ ရာသီသဘာဝကို သရုပ်ဖော်ကောင်းခြင်း

ခင်နှင်းယု၏ **'ပန်းများကိုပွင့်စေသူ'** (၁၉၆၁) ဝတ္ထုတွင် ဧပြီလ နောက်ဆုံးပတ် စနေနေ့တွင် မခင်သိုက်တွေ့မြင်နေရသော ရာသီသဘာဝကို သရုပ်ဖော်ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

> **သကြံန်လွန်ပြီးလျှင် မိုးသက်ရနံ့များ အနောက်တောင်လေတွင် ပါဝင်စပြု လာလေသည်။ နံနက်တွင် မိုးတိမ်များ ကောင်းကင်တွင် မှိုင်းနေ သော်လည်း ရာသီဥတုမှာ ခြောက်ခြောက်သွေ့သွေ့ပင် ရှိနေ ပေသေးသည်။ သကြံန်တုန်းက ပွင့်ခဲ့သော ပိတောက်အကြွင်းအကျန်**

[၁] ထင်၊ မောင်၊ ၁၉၈၁၊ ၂၁၀-၂၁၁။

**တို့၏ ရနံ့သည်လည်း လေထဲတွင် ကျန်ရစ်နေသေး၍ မိုးပင်မရွာသော်လည်း နံနက်ခင်းသည် အေးမြကြည်လင် ပေသည်။**[၁]

**ရှည်လျားသော နွေရတုသည်လည်း ကုန်လွန်ခဲ့ဘိခြင်း၊ ကဏ္ဍပိုင်းခြားခြင်းမရှိသော မိုးသာပြေလလယ်တွင် မရွာသွန်းခဲ့ပါလျှင် ပူပြင်းခြောက်သွေ့သော နှောင်းနွေသည် ပျင်းရိငြီးငွေ့ဖွယ်ရာအတိ ဖြစ်ပေလိမ့်မည်။**[၂]

**နွေနှောင်းရက်များသည် သင်္ကြီရတို့ကြီးစိုးခြင်းကို ပြသည်ဖြစ်၍ ရွက်ဝါဟောင်းတို့လွင့်ပါး ပျောက်ပျက်ကြလေကုန်ပြီ။ နောက်တစ်လဆိုလျှင် ရွက်နုတို့သည် မိုးကိုကြိုကြပေတော့မည်။ ရွက်အိုဟောင်းတို့၏ ပုံပြင်တေးသည်လည်း လောကဓာတ်တစ်ခွင်တွင် တိမ်ကောပပျောက်ကြရ တော့မည်ပါတကား။**[၃]

အထက်ဖော်ပြပါ ရာသီသဘာဝ သရုပ်ဖော်အဖွဲ့ကြောင့် သင်္ကြန်ပြီးစတွင် ရရှိလိုက်သော မိုးသက် ရနံ့များ၊ ပိတောက် အကြွင်းအကျန်တို့၏ ရနံ့များသည် စာဖတ်သူတို့ ကိုယ်တိုင် ရနံ့ရလာသကဲ့သို့ မွှေးယောင် ကြိုင်ယောင် ဖြစ်လာစေပါသည်။ ကြွေလွင့်ကာနီးရွက်ဝါများသည်လည်း စာဖတ်သူတို့၏ စိတ်မျက်စိတွင် မြင်ယောင်လာစေပါသည်။ ခြောက်သွေ့သော ထိုနံနက်ခင်း၏ အေးမြကြည်လင်မှုမှာ ပေါ်လွင်လာရပါသည်။ 'မိုးသက်ရနံ့'၊ 'မိုးတိမ်များ ကောင်းကင်တွင် မှိုင်းနေ'၊ 'နှောင်းနွေ'၊ 'နွေနှောင်းရက်'၊ 'ရွက်ဝါဟောင်းတို့ လွင့်ပါး' 'ရွက်နုတို့သည် မိုးကိုကြို'၊ 'ရွက်အိုဟောင်းတို့၏ ပုံပြင်တေး' ဟူသော အသုံးတို့ဖြင့် နွေ၏သရုပ်ကို အရောင်ရော အနံ့ပါ ပါဝင်အောင်ဖွဲ့ထားသည်မှာ နှစ်သက်ကြည်နူး စရာပင် ဖြစ်ပါသည်။ ရွက်အိုရွက်ဟောင်းနှင့် ရွက်သစ်ရွက်နုတို့၏ ဆန့်ကျင်ဖက် နှစ်ခုကို ဆက်စပ် တွေးတောဖွယ်ဖြစ်သော ရာသီသဘာဝ သရုပ်ဖော်အဖွဲ့ပင်ဖြစ်ပါသည်။

ခင်နှင်းယု၏ **'ပျားရည်အိုင်'** (၁၉၉၉) ဝတ္ထုတွင် ကိုတင်ဖေသည် မြိုင်၏ခြံထဲတွင် လမ်းလျှောက်နေသည်။ ထို့နောက်ခုံပေါ်မှာထိုင်ရင်းပတ်ဝန်းကျင်ကို ကြည့်ရှုမိရာ မြင်ကွင်း အလှကို –

**ကိုတင်ဖေသည်ပုန်းညက်ပင်ကြီးရှိရာသို့သွား၍ခုံတန်းပေါ်မှာ ထိုင်လိုက် သည်။ ဝါဆိုဦးက ပုန်းညက်ပန်းများပွင့်သွားပြီးပြီ။ ဝါကျွတ်လုပြီဖြစ်၍ ကောင်းကင်မှာ တိမ်ညိုတွေပါးသွားကြပြီ။ ဖြူဆွတ်သော တိမ်စများ ရွက်ဖြူလွင့်၍ ကောင်းကင် ပင်လယ်ပြာမှာ လွင့်မျောနေကြသည်။ သူသည် ကောင်းကင်ကြီးကို ငေးမော ကြည့်နေမိ၏။**[၄]

ဟူ၍လည်းကောင်း၊

**အနောက်မှာ နေမင်း၏ ရဲတိုက်။ ပတ္တမြားစီထားသော တံခါးရွက်တွေ ပိတ်စပြုပြီ။ နေမင်း သူ့စံအိမ်မှာ နားတော့မည်။ ငှက်ကလေးများ နှုတ်ဆက် ရေးဆို၍ နေမင်းကိုနှုတ်ဆက်ကြသည်။ ဗျိုင်းဖြူ**

---

[၁] ခင်နှင်းယု၊ ၁၉၉၄၊ ၂၂။

[၂] –ယင်း–၊ ၂၃။

[၃] –ယင်း–။

[၄] ခင်နှင်းယု၊ ၁၉၉၉၊ ၁၉၉။

**တစ်အုပ်လည်း အနောက်သို့ ပြန်သွားသည်။ သူတို့သည် လှည်းကူး နောက်က လယ်ကွင်းပေါ်မှာ ဆင်းသက်ပါမည်လား။ ရေခြောက်ခန်း လုလု ရွှေရောင် ပြောင်းစ လယ်ကွင်းပြင်မှာ ငါးလေးများကို ကောက်မည် ဆိုလျှင် မြည်ိုကိုလည်း ပြောလိုက်ပါ။ သူသည် သမီး၏ လုံခြုံရေးအတွက် ကာကွယ်ရေးယူမည့်ဖခင်တစ်ယောက် ဆိုတာ။**[၁]

ဟူ၍ လည်းကောင်း သရုပ်ဖော်ထားပါသည်။ ကိုတင်ဖေသည် ပုန်းညက်ပင်ကြီးအောက် ခုံတန်းပေါ်တွင် ထိုင်ရင်း ကောင်းကင်ကြီးကို ငေးမောကြည့်နေသည်။ ကောင်းကင်၏တိမ်အခြေ အနေကို 'တိမ်ညိုတွေပါး'၊ 'ဖြူဆွတ်သော တိမ်စများရွက်ဖြူလွှင့်' ဟူ၍လည်းကောင်း၊ ကောင်းကင်အလှကို 'ကောင်းကင်ပင်လယ်ပြာ' ဟူ၍လည်းကောင်း သရုပ်ဖော်ထားပါသည်။ နေဝင်တော့မည်အခြေအနေ၊ နေမင်းနားခိုရာ အနောက်ဂေါယာကျွန်းကို 'နေမင်း၏ရဲတိုက်'၊ အနီရောင်များကြီးစိုးရာမှ ပျောက်လုလုဖြစ်သွားပုံကို၊ 'ပတ္တမြား စီထားသော တံခါးရွက်တွေ ပိတ်စပြု'၊ နေဝင်သွားသည်ကို 'နေမင်း သူ့စံအိမ်မှာနားတော့မည်' ဟူ၍လည်းကောင်း၊ ငှက်ကလေးများ ညအချိန်အိပ်တန်းတက်တော့ မည်ကို 'ငှက်ကလေးများ နှုတ်ဆက်ရေးဆို၍ နေမင်းကိုနှုတ်ဆက်ကြ' ဟူ၍လည်းကောင်း၊ 'ဗျိုင်းဖြူတစ်အုပ်လည်း အနောက်သို့ပြန်သွား' ဟူ၍ လည်းကောင်း သရုပ်ဖော်ထားပါသည်။ နေဝင်လုဆဲဆဲ ကောင်းကင် မြင်ကွင်းနှင့်အတူ သက်ရှိ ငှက်ကလေးများ၊ ဗျိုင်းဖြူကလေးများကိုပါ အားဖြည့်ထည့်သွင်းထားသောကြောင့် မြင်ကွင်းမှာ သက်ဝင်လှုပ်ရှားလာပါသည်။ စာဖတ်သူတိုယ်တိုင် ကောင်းကင်ကို ထိုင်ကြည့်မိ မလိုလို ဖြစ်သွားစေသော၊ ငှက်ကလေးများ၊ ဗျိုင်းကလေးများကိုပင် ကောင်းကင်နှင့်တွဲဖက်၍ မြင်လိုက်ရ သလိုလို ဖြစ်သွားစေသော သရုပ်ဖော်ချက်ဖြစ်ပါသည်။ စာဖတ်သူ၏ စိတ်အာရုံကို စာရေးသူ၏ အတွေးအရေး နောက်သို့ တစ်ပါတည်း လိုက်ပါသွားစေသော အစွမ်းသတ္တိရှိသည့် သရုပ်ဖော်အဖွဲ့ ဖြစ်ပါသည်။

ခင်နှင်းယု၏ **'ပိုးခန်းဆီးနောက်မှ ငရဲခန်း'** (၁၉၆၂) ဝတ္ထုတွင် ဝါကျွတ်ပြီးစအချိန် သီသီ၏ ခြံမြင်ကွင်း၊ ပတ်ဝန်းကျင်မြင်ကွင်းကို သရုပ်ဖော်ရေးသားထားပါသည်။

**မှန်ပြူတင်းပေါက်သို့ ကြည့်လိုက်လျှင် သွေ့ခြောက်စပြုနေသော မြေနီလမ်း သည် ပန်းရုံများ ကြားတွင် မြွေကြီးတကောင်လွန့်နေသလို ကွေ့ကောက်၍သွား ပေသည်။ မြေနီလမ်းဘေးတွင် မြက်စိုတို့သည် ခြောက်စပြုလာလေသည်။ လိပ်ပြာလေးများနှင့်ပုဇဉ်းငယ်များသည် ပန်းခြံဘေးတွင် လွတ်လွတ်လပ်လပ်ကြီး ပျံ၍နေကြသည်။**

**မြတ်လေးပင်ကို ပန်းခုံလုပ်ထားသော သစ်သားတန်းပေါ်တွင် ပုဇဉ်းကောင် များသည် လေယာဉ်ပျံ များလို တန်း၍နေသည်။ လေအဝှေ့လိုက်တွင် လေယာဉ်ပျံများ ဝဲပျံသလိုထ၍ပျံကြပြန်သည်။ ပျံလွှားငှက်ငယ်များသည် ဝါသောနေရောင်ခြည်ကို ဖြတ်သန်း၍ ကောင်းကင်ပြာဆီသို့ ပျံတက်သွားသည်။ တိမ်ညိုများကင်းစင်စပြုသော ကောင်းကင်ပေါ်တွင် အဆုံးမရှိသောကမ္ဘာကို ရှာဖွေ၍နေကြ၏။**[၂]

---

[၁] ခင်နှင်းယု၊ ၁၉၉၉၊ ၂၀၀။

[၂] ခင်နှင်းယု၊ ၁၉၆၂၊ ၇၂။

သီသီသည် မှန်ပြူတင်းပေါက်မှခြံထဲသို့ လှမ်းကြည့်လိုက်သောအခါ ပန်းရုံများကြားတွင် တွေ့ရသော မြေနီလမ်းကြီးကွေ့ကောက်နေပုံကို 'မြွေကြီးတကောင်လွန့်နေသလို' ဟူ၍ ဥပမာပေး သရုပ်ဖော်ထားပါသည်။ ထိုမြေနီလမ်းဘေးတွင် သွေ့ခြောက်စပြုနေသော မြက်ပင်များရှိပြီး လိပ်ပြာနှင့် ပုစဉ်းကောင်လေးများသည် ပန်းခြံဘေးတွင် လွတ်လပ်စွာ ပျံသန်းနေကြောင်း ဖော်ပြထားပါသည်။ မြတ်လေးပင်ကို ပန်းခုံလုပ်ထားသောသစ်သားတန်းပေါ်တွင် ပုစဉ်းလေးများ အတန်းလိုက်နားနေပုံကို 'လေယာဉ်ပျံများလို' ဟူ၍လည်းကောင်း၊ အတန်းလိုက်ထ၍ပျံသွားပုံကို 'လေယာဉ်ပျံများဝဲပျံသလို' ဟူ၍လည်းကောင်း၊ ဥပမာပေးသရုပ်ဖော်ထားပါသည်။ ပျံလွှားငှက် ကလေးများသည်လည်း ဝါသော နေရောင်ခြည်ကို ဖြတ်သန်း၍ တိမ်ညိုများကင်းစင်စပြုနေသော ကောင်းကင်ပြာဆီသို့ ပျံသန်းရင်း အဆုံးမရှိသော ကမ္ဘာကိုရှာဖွေနေကြသည်ဟူ၍ သရုပ်ဖော် ထားပါသည်။

အထက်ပါသရုပ်ဖော်ချက်များကြောင့် သီသီကြည့်မြင်လိုက်သော ခြံပတ်ဝန်းကျင် မြင်ကွင်းမှာ သက်ရှိ သက်မဲ့တို့၏ ပုံပန်းသွင်ပြင်၊ အရောင်အသွေးတို့နှင့် သက်ဝင်လှုပ်ရှား လာပါသည်။ မြေနီလမ်း၊ မြက်ခြောက်ကလေးများ၊ လိပ်ပြာနှင့် ပုစဉ်းကောင်များ၊ မြတ်လေး ပန်းခုံ၊ ပုစဉ်းကောင်တို့၏ ပျံသန်းပုံ၊ နားနေပုံ၊ ပျံလွှားငှက်ငယ်၏ပျံသန်းသွားပုံတို့မှာ စာဖတ်သူတို့၏ စိတ်မျက်စိတွင် မြင်ယောင်ယောင် ဖြစ်လာပါသည်။ ဝါသောနေရောင်ခြည်၊ ပြာသောမိုးကောင်းကင်တို့မှာလည်း သဘာဝနောက်ခံ ပန်းချီကား တစ်ချပ်ဖြစ်နေသည်။ ထိုပန်းချီကားချပ်ထဲတွင် ဝဲပျံနေသော လိပ်ပြာ၊ ပုစဉ်း၊ ပျံလွှားငှက်တို့၏ ပုံရိပ် သည်လည်းထင်ဟပ်နေသည်။ ခြောက်သွေ့စပြုနေသော မြက်ပင်ကလေးများ၊ မြတ်လေးခုံတို့ နှင့်လည်း ပန်းချီကားကို အားဖြည့်ထားပြန်ပါသည်။ သက်ရှိနှင့်သက်မဲ့တို့ ပေါင်းစပ်ထားသော အသက်ဝင်နေသည့် သဘာဝပန်းချီကား တစ်ချပ်ပင်ဖြစ်ပါသည်။

ခင်နှင်းယု၏ **'ဘယ်သို့သောအကြောင်းကြောင့်'** (၁၉၉၅)ဝတ္ထုတွင် ဆောင်းနှောင်းနွေ၏ ရာသီသဘာဝကို သရုပ်ဖော်ထားပါသည်။

> **သူတို့နှစ်ယောက် တက္ကသိုလ်ကို အပြီးအပိုင် ခွဲခွာရမည့် နေ့က လင်း ကို အထူးပဲ သတိရကြသည်။ ဆောင်းရက်များနှောင်းပြီ။ နွေဦးလေသည် လင်းလိုပဲ ရှန်ပိန်သောက်သည် ထင်ပါရဲ့၊ မြူးကြွ ယစ်မူးနေသည်။ ရွက်ကြွေများကို ဝှေ့ယမ်းခြွေချနေရသည်ကို ပျော်နေပုံရသည်။ မြေပြင်ကရွက်အိုတွေလည်း သူလိုက်လျှင် ပြေးရပြန် သည်။ တည်ငြိမ်ခွင့်မရ၍ မြေပြင်ပေါ်မှာ မောဟိုက် နေပုံရသည်။**[၁]

ဟူသော ဖော်ပြချက်တွင် နွေဦးလေနှင့်ရွက်အိုတို့ကို သက်ရှိသဖွယ် တင်စား၍ ခံစားမှုများ ထည့်ကာ သရုပ်ဖော်ထားကြောင်းတွေ့ရပါသည်။ နွေဦးလေသည် ရှန်ပိန်သောက်၍ မြူးကြွ ယစ်မူးကာ သစ်ပင်ထက်ရှိ ရွက်ရော်တို့ကို ဝှေ့ယမ်းခြွေရ၍ ပျော်နေပုံရကြောင်း၊ မြေပြင်ရှိ ရွက်အိုတို့မှာလည်း နွေလေရူးကြောင့် ပြေးရပြန်ကြောင်း၊ မြေပြင်ပေါ်တွင် မောဟိုက်နေရကြောင်းတို့ကို 'မြူးကြွယစ်မူးနေသည်' 'ဝှေ့ယမ်းခြွေချနေရသည်' 'ပျော်နေပုံရ'၊ 'သူလိုက်လျှင်ပြေး' 'မောဟိုက်နေပုံရ' ဟူသော သက်ရှိသုံးများဖြင့် နွေသရုပ်ကို သက်ဝင်လှုပ်ရှားစေပါသည်။ စာဖတ်သူတို့၏ စိတ်မျက်စိတွင် နွေလေရူးနှင့် ရော်ရွက်ဝါတို့ကို မြင်ယောင် မိစေပါသည်။ ဆောင်းနှောင်းနွေ၏ရာသီသရုပ်ကိုလည်း ပိုမိုထင်ရှားပေါ်လွင်စေပါသည်။

---

[၁] ခင်နှင်းယု၊ ၁၉၉၅၊ ၁၃၀။

ခင်နှင်းယု၏**'အောင်မြင်သောနေ့'** (၁၉၆၂) ဝတ္ထုတွင် နွေဦးရာသီ၏ သဘာဝအလှကို ဖွဲ့ထားသော သရုပ်ဖော်အဖွဲ့ကို လေ့လာတွေ့ရှိရသည်။ ဆောင်းအကုန် နွေအကူး နွေ၏အဦးအစ အလှကို အရအမိစုတ်ချက်ခြယ်ထားသော ပန်းချီကျော်၏ လက်ရာမွန် ပန်းချီကားတစ်ချပ်လို စာဖတ်သူ၏ စိတ်မျက်စိတွင် မြင်ယောင်လာအောင် ရေးဖွဲ့နိုင်မှု တွေ့ရသည်။

> **တပေါင်း၏ နံနက်သည် နှင်းရည်တို့ဖြင့် စိုရွဲလျက်ရှိသည်။ ပရစ်ဖူး ဖြေစပြု၍ နွေဦးကို ကြိုသော ရွက်သစ်နုများအဖို့ နှင်းရည်နှင်းစက် များသည် အားသစ်တက်အောင် ဆွတ်ဖြန်းနေသော မင်္ဂလာ ရေစင်နှင့် တူနေတော့သည်။**
>
> **နွေသို့ပြောင်းစ တပေါင်းလဦးတွင် လေရူးဒဏ်ဖြင့် မြေမှာ ကြွေလျော် ကြပြီဖြစ်သော ရွက်ဟောင်းများအဖို့တွင်ကား နှင်းကွင်းများသည် ဆောင်းနတ်မယ်၏ မျက်ရည်စများသည်သာတည်း။ သူနှင့် တစ်ဆောင်းတွင်းလုံး ပျော်ရွှင်စွာနေခဲ့သော မြရောင်သစ်ရွက်များ သည်လည်း နွမ်းလျော် ကြလေပြီ။ သူချစ်သော ဆောင်းပန်း၏ ရွက်သစ်ဖူးများသည်လည်း ယခုသော် ပျောက်ကွယ်၍ သွားကြ လေပြီ။ ဆောင်းနတ်မယ် ကိုယ်တိုင်ပင်လျှင် နွေဦးသခင်က နှင်လေပြီ ဖြစ်၍ သူသည် မခွဲနိုင်မခွာနိုင်သော ဤလောကအား နောက်ဆုံး နှုတ်ဆက်၍ သွားရပေတော့သည်။**
>
> **တစ်ခါက ဤလောကအားဖြူနုသော နှင်းစက်များဖြင့် သူ တန်ဆာဆင်ခဲ့သေးကြောင်း အမှတ်တရအဖြစ်၊ နှင်းရည်နှင့်နှင်းကွင်း များကိုသာ သူ့ကိုယ်စား ထားရစ်ခဲ ဆောင်းနတ်မယ်သည် ထွက်ခွာ၍ သွားတော့သည်။ ထို့ကြောင့်ပင် နွေဦးသည် သာယာသည်ကို ဆိုရမည် လား။ လွမ်းဖွယ် ကောင်းသည်ဟု ဆိုရမည်လား။ ပြောမပြနိုင်အောင် သူ့စိတ်ကို ခံစားမှုနှစ်မျိုးပေးခဲ့လေသည်။ နွေ၏တမန်ဖြစ်သော ဥဩ၏ အသံသည်ပင် ကြည်နူးခြင်းနှင့် လွမ်းဆွတ်ခြင်းကို တစ်ပြိုင်နက် ဖြစ်ပေါ်စေသည် မဟုတ်ပါလော။**[၁]

'တပေါင်းလ၏ နံနက်သည် နှင်းရည်တို့ဖြင့် စိုရွဲလျက်ရှိသည်' ဟူသော ဖော်ပြချက်က အပူနှင့် အအေးတို့၏ ဆန့်ကျင်ဘက် ပဋိပက္ခနှစ်ခုကို အတူယှဉ်တွဲ တွေ့လိုက်ရ၍ ဆန်းသစ်မှုရှိသည်။ ထိုဖော်ပြချက်သည်ပင် စာဖတ်သူ၏ စိတ်အာရုံကို နှိုးဆွလိုက်ပြီး မြင်ကွင်းကို ထင်ရှားစေသည်။ ရွက်သစ်နုများပေါ်သို့ ကျနေသော နှင်းရည်နှင်းစက်များကို 'မင်္ဂလာရေစင်နှင့်တူ' ဟုဖော်ပြထား ချက်မှာ နှစ်သက်စရာဖြစ်သည်။ နွေလေရူးကြောင့် ကြွေကျနေသော သစ်ရွက်ဟောင်းများ အတွက်မူ 'နှင်းကွင်းများသည် ဆောင်းနတ်မယ်၏မျက်ရည်စများ'ဟု စိတ်ကူးလှလှဖြင့် ဖော်ပြထားပြန်သည်။ ဆောင်းအကုန်နွေအကူး ရာသီသဘာဝကို ဖော်ပြရာတွင် 'ဆောင်းနတ်မယ်' 'နွေဦးသခင်'ဟူ၍ သက်ရှိများသဖွယ် တင်စားသရုပ်ဖော်ချက်မှာ စာဖတ်သူရင်ကို စွဲငြိစေပါသည်။ သာယာ၍ လွမ်းမောဖွယ်ကောင်းသော နွေဦးတွင် 'နွေ၏တမန်ဖြစ်သော ဥဩ၏ အသံသည်ပင် ကြည်နူးခြင်းနှင့် လွမ်းဆွတ်ခြင်းကို တစ်ပြိုင်နက် ဖြစ်ပေါ်စေသည်'ဟု ဖော်ပြထားရာ နွေဦးနှင့်ဥဩ၏ လိုက်ဖက်မှု၊

[၁] ခင်နှင်းယု၊ ၂၀၀၃၊ ၁၃၂။

ထိုလိုက်ဖက်မှုအပေါ် မျှဝေခံစားမှုတို့ကို နှစ်သက်ဖွယ်တွေ့ရှိရ ပါသည်။ ခင်နှင်းယုသည် ထိုသို့သော ရာသီသဘာဝအလှတို့ကို စိတ်စိုက်၍ ဖွဲ့လေ့ ရှိသူဖြစ် ပါသည်။

ခင်နှင်းယု၏ **'ပျားရည်အိုင်'** (၁၉၉၉)ဝတ္ထုတွင် မိုးရာသီ၏သရုပ်ကို –

> **လယ်ကွက်ထဲကို ရေဝင်စ ရေပြင်ဖွေးဖွေး မျက်နှာပြင်မှာ မိုးစက်မိုးဖွားတွေ ကျလာချိန်ကို သူပျော်သည်။ အုံ့မှိုင်းသော ကောင်းကင်မှာ တိမ်ညိုတွေက စီးမိုးလျှက်ရှိသည်။ မိုးကုပ်စက်ဝိုင်းထိ ရေပင်လယ်ကြီး လိုမြင်နေရပြီ။ မုတ်သုံလေက ပြင်းပြင်းတိုက်စပြုပြီ။**[၁]

ဟူ၍ သရုပ်ဖော်ထားပါသည်။ မိုးရာသီ၏ ရေဝင်စလယ်ကွက်ထဲ မိုးစက်မိုးဖွားတို့ ကျလာပုံ မြင်ကွင်း၊ အုံ့မှိုင်းညိုမှောင်သော ကောင်းကင်မြင်ကွင်းတို့ကို မြင်ယောင်လာစေပါသည်။ ရေများကျယ်ပြန့်များပြားနေပုံကို 'ရေပင်လယ်ကြီးလို'ဟု ဥပမာပေးထားသည်။ မုတ်သုံလေ ပြင်းပြင်းတိုက်စပြုနေပြီဖြစ်ကြောင်းလည်း ထည့်သွင်းသရုပ်ဖော်ထားပါသည်။ ထို့ကြောင့် အထက်ပါဖော်ပြချက်သည် မိုးရာသီမြင်ကွင်းကို ရေးခြယ် ထားသော ပန်းချီကား တစ်ချပ်သဖွယ် ဖြစ်နေပါသည်။

ခင်နှင်းယု၏ **'မွေး'** (၁၉၅၉) ဝတ္ထုတွင် ဝါးခယ်မမြို့ တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊ လသာသောညဥ့် သာယာလှပနေသော ရာသီသဘာဝ၏အလှကို သရုပ်ဖော်ထားပုံမှာ –

> **တန်ဆောင်မုန်းလဆန်းတွင် လသာပုံသည် ပို၍လှခဲ့၏။ ညဥ့်သို့တိုင်လျှင် မြစ်ရေပြင်ကိုလည်း တစ်လှည့်ကြည့်ရသည်။ စပါးနံ့တို့ ဖုံးစ စပါးပင်ပျိုများ လှုပ်ရှားဟန်ကိုလည်း တစ်လှည့်ကြည့်ရသည်။ လရောင် အောက်တွင်သော်က စေတီတော်ကိုလည်း မျှော်၍ ဖူးရသေးသည်။ စေတီတော်သည် ယခင်ကလိုတော့ ရွှေရောင်ဖြင့်ဝင်းပခြင်း မရှိတော့ပေ။ တစ်ခါတစ်ရံ စပါးပင်ရှည်ကြီးများ၏ တေးညည်းသံ ဝိုးတဝါးကို နားစွင့်ရင်းငိုက်မျဉ်း အိပ်ပျော်သွားတတ်၏။**
>
> **လရောင်သည် မှန်ထဲမှာမြင်ရသည်ထက် အပြင်တွင် ရွှန်းရွှန်းပပ သာနေပေသည်။ မွေးတို့အိမ်မားမားမြင့်မြင့်ကြီးမှာ လရောင်အောက်တွင် ငြိမ်သက် တိတ်ဆိတ်နေ၏။ သစ်ရွက်ကလေးများပေါ်တွင် နှင်းစက် လေးများ ပြန့်ကြဲနေကြသောကြောင့် လရောင်ထိလိုက်လျှင် ဆောင်း နတ်မယ်၏ ဝတ်ရုံလို တလက်လက် တောက်ပနေပေသည်။ စိမ်းသော စပါးခင်းပေါ်တွင် လမင်း၏ ငွေရည်များကလည်း ပုလဲမှုန်လို သွန်းကျ နေကြပေ၏။**[၂]

တန်ဆောင်မုန်းလဆန်း(၁၄)ရက်သို့ရောက်လျှင် ဝါးခယ်မမြို့ရှိ စီးဆင်းနေသော ဝါးခယ်မမြစ်၊ လှုပ်ရှားနေသော စပါးပင်ပျိုများ၊ လရောင်အောက်က သော်ကစေတီ၊ မွေး၏အိမ်မြင့်မြင့်ကြီး၊ သစ်ရွက်ကလေးများပေါ်မှ နှင်းစက်ကလေးများ၊ လရောင်ကြောင့်လင်းလက်တောက်ပနေပုံများ၊ စပါးခင်း စိမ်းစိမ်းပေါ်မှ လမင်း၏အလင်းရောင်များကို ယခုပင် ပြေးမြင်ချင်စိတ်များ ဖြစ်ပေါ်လာစေသည်မှာ ခင်နှင်းယု၏ သရုပ်ဖော်စွမ်းရည်ကြောင့်ဖြစ်သည်။ လေတိုက်၍ စပါးပင်များလှုပ်ရှားသံကို 'တေးညည်းသံ'၊ လရောင်ကြောင့် သစ်ရွက်ပေါ်ရှိနှင်းစက်များ လင်းလက်တောက်ပပုံကို

---

[၁] ခင်နှင်းယု၊ ၁၉၉၉၊ ၄၄။

[၂] –ယင်း–၊ ၁၉၉၆၊ ၄၆။

'ဆောင်းနတ်မယ်၏ ဝတ်ရုံလို တလက်လက်တောက်ပ' စပါးခင်းပေါ်သို့ လရောင်ကျနေပုံကို 'ပုလဲမှုန်လိုသွန်းကျ'ဟု ဥပမာအလင်္ကာတို့ဖြင့် လှပနုသစ်စွာ သရုပ်ဖော်ရေးသားထားရာ အသက်ဝင်လှပါသည်။

ခင်နှင်းယု၏ သရုပ်ဖော်အဖွဲ့များကို လေ့လာကြည့်ရာ ခင်နှင်းယုသည် သဘာဝကို သရုပ်ဖော်မှု ကျွမ်းကျင်ကြောင်း တွေ့ရသည်။ သကြံန်ပြီးစ၊ ဝါကျွတ်ခါနီး၊ ဝါကျွတ်ပြီးစ မြင်ကွင်းတို့ကို အနုစိတ် ဖော်ပြခြင်း၊ နွေ၊ မိုး၊ ဆောင်းရာသီသဘာဝတို့ကို ဝေဝေဆာဆာ ဖော်ပြခြင်းများ တွေ့ရပါသည်။ ထိုအဖွဲ့တို့သည် စာဖတ်သူရင်ကို စွဲငြိစေပါသည်။

**၃၊၂။ အင်းလျာကန်အလှသဘာဝကို သရုပ်ဖော်ကောင်းခြင်း**

ခင်နှင်းယု၏ **'အောင်မြင်သောနေ့'** (၁၉၆၂) ဝတ္ထုတွင်လသာသော ဆောင်းညဉ့် လှပသာယာ နေသော အင်းလျားအလှကို သရုပ်ဖော်ထားပါသည်။

> **လေတွင်ပျံဝဲလာသောဂီတ သည် ညဥ့်ဦးအားပို၍ သာယာစေလေသည်။ ဆောင်း၏ညဥ့်ပင် ဖြစ်သော်လည်း အအေးရှိန်သည် မပြင်းလှပေ။ လဝန်းသည် ထင်းရှူးရွက်များကို ဖြတ်၍ မြေပြင်တွင် ပြိုးပြောက် လှပသော ကနုတ်ပန်းကို ရေးခြယ်နေဟန်ရှိ၏။ ဂီတသံသည် ဟိုတယ် အပြင်တွင်မူ ငြိမ်းအေး၍ အပန်းပြေစရာ ကောင်းအောင် ညင်သာ လှသည်။ အင်းလျားကန်စပ်ကို ထိလာသော ရေဂယက်များသည်လည်း တီးတိုးစွာတေးကိုဆိုကာ ဂီတသံနှင့် ယှဉ်ဘက်၍ ငြိမ့်ညောင်းစွာ ကမြူးဟန်ရှိပေသည်။ ကောင်းကင်ရှိ ငွေကြယ်များသည် ရေပြင်ပေါ်သို့ ဆင်းသက်ခါ ကခုန်နေ သလိုလိုပင် ရေမျက်နှာပြင်သည် တဖြတ်ဖြတ် တလက်လက် တောက်ပနေတော့သည်။**[၁]

ဆောင်းတစ်ညတွင် တွေ့ရသော သာယာသည့်ကန်ရေပြင်နှင့် လမင်း၏ရောင်ခြည်အလှမှာ နှစ်သက်ကြည်နူးဖွယ်ဖြစ်သည်။ တိုးညင်းသောဂီတသံကလည်း ထိုအလှတို့ကို အားဖြည့်ပေးထားသည်။ ထင်းရှူးရွက်များကြားမှ မြေပြင်ပေါ်ကျရောက်နေသော လရောင်၏အလှကို 'လဝန်းသည် ထင်းရှူးရွက် များကို ဖြတ်၍ မြေပြင်တွင်ပြိုးပြောက်လှပသော ကနုတ်ပန်းများကို ရေးခြယ်နေဟန်ရှိ၏' ဟူ၍ မြင်ကွင်းကိုသရုပ်ဖော်ထားသည်။ အင်းလျားကန်စပ်ကိုထိလာသော ရေဂယက်များ၏အသံကိုလည်း 'ရေဂယက်များသည်လည်း တီးတိုးစွာ တေးကိုဆိုကာ ဂီတသံနှင့် ယှဉ်ဘက်၍ ငြိမ့်ညောင်းစွာ ကမြူးဟန်ရှိ၏' ဟူ၍ အသံကို သရုပ်ဖော်ထားသည်။ လရောင်ကြယ်ရောင်ကြောင့် ကန်ရေပြင် လင်းလက်တောက်ပ နေသည်ကိုပင် 'ကောင်းကင်ရှိငွေကြယ်များသည် ရေပြင်ပေါ်သို့ ဆင်းသက်ခါ ကခုန်နေသလိုလိုပင် ရေမျက်နှာပြင်သည် တဖြတ်ဖြတ် တလက်လက် တောက်ပနေ' ဟူ၍ လှုပ်ရှားမှုကို သရုပ်ဖော်ထားသည်။ ဆောင်းည၏သဘာဝ အလှကို မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်လာစေပါသည်။ ထိုဆောင်းညအလှ မြင်ကွင်းသည် မြင်ရသူအဖို့ စိတ်နှလုံးကြည်နူးနှစ်သက်ကြမည်မှန်သော်လည်း 'အောင်မြင် သောနေ့' ဝတ္ထုပါ ဇာတ်ဆောင် ဦးဖေမောင်၏ အာဃာတ ရင်တွင်းအပူကိုမူ မလျှမ်းမိုး နိုင်ကြောင်း ဖော်ပြထား ပြန်ရာ

---

[၁] ခင်နှင်းယု၊ ၂၀၀၃၊ ၄၀။

အပူနှင့်အအေး၏ ပဋိပက္ခမှာ ပို၍ထင်ရှားလာသည်။ ညသည်ပို၍ လှလာသလို ဦးဖေမောင်၏ အာဃာတမှာလည်း ပို၍ပေါ်လွင်လာရပါသည်။ ခင်နှင်းယုသည် ဇာတ်ဆောင်၏ အတွင်းစိတ်ကို သဘာဝ နောက်ခံဝန်းကျင်နှင့် ဆက်စပ် ထွန်းပြနိုင်သော သရုပ်ဖော်စွမ်းရည်ရှိသူဖြစ်သည်။

ခင်နှင်းယု၏ **'ပျားရည်အိုင်'** (၁၉၉၉)ဝတ္ထုတွင် အင်းလျားကန်၏အလှကို သရုပ်ဖော် ရေးသား ထားကြောင်းတွေ့ရသည်။ ကိုတင်ဖေ၊ မြိုင်နှင့်မောင်ဖေမြိုင်တို့ အင်းလျားကန်ဘေး တွင် ထိုင်နေရင်း တွေ့ရသောမြင်ကွင်းကို-

> **ရေပြာပေါ်မှာ လေအေးများ မျောစီးလာသည်။ မြိုင့်နဖူးပေါ်မှာ ဆံစကလေးများ ဝဲပျံနေသည်။ မြက်ခင်းစိမ်းစိမ်းပေါ်ကို ကောင်းကင်မှ ရွှေခြည်မျှင်များဖြာကျနေသည်။ အနောက်ဘက်ကောင်းကင်မှာ တိမ်နတ်သားသည် ကျောက်သံပတ္တမြား ရောင်စုံတွေနှင့် ကြွေအံ ကစားနေ သည်ထင်ပ့ါ။ နီလာ၊ ပုလဲနှင့် ရွှေတို ရွှေစများ ကန်စပ်ကို ဖိတ်စင်ကျလာသည်။ သူသည် သက်ပြင်းရှိုက်၍ မြိုင့်မျက်နှာကို စေ့စေ့ ကြည့်၏။ မြိုင်သည် သားထံမှ မျက်စိခွာကာ ကန်ရေပြင်ကို ငေးနေပုံရသည်။ ကန်တစ်ဖက် သစ်ပင်အုပ် စိမ်းစိမ်း တွေပေါ်မှာ ရွှေစတွေ လက်လက်ထကာ မြရွက်တွေကြားမှာ ပြိုးပြိုးပြက်နေကြသည်။[၁]**

ဟူ၍ သရုပ်ဖော်ထားပါသည်။ ကန်ရေပြင်၏အရောင်ကို 'ရေပြာပေါ်မှာ'၊ လေအေးများ တိုက်ခတ်ပုံကို 'လေအေးများမျောစီး' ဟုလည်းကောင်း၊ မြက်ခင်း၏အရောင်ကို 'မြက်ခင်း စိမ်းစိမ်း'၊ နေရောင်ခြည် ကျရောက်သည်ကိုပင် 'ကောင်းကင်မှ ရွှေခြည်မျှင်များဖြာကျ'၊ 'နီလာ၊ ပုလဲနှင့် ရွှေတိုရွှေစများ ကန်စပ်ကို ဖိတ်စင်ကျလာ'၊ 'ရွှေစတွေလက်လက်ထ' ဟုလည်းကောင်း၊ သစ်ရွက်စိမ်းများကိုပင် 'မြရွက်တွေ'ဟု လည်းကောင်း စာဖတ်သူ၏ စိတ်မျက်စိတွင် မြင်ယောင်လာအောင် သရုပ်ဖော် ရေးသားထားပါသည်။

အင်းလျားရေပြင်၏အလှနှင့်ကန်ပတ်ဝန်းကျင်အလှတို့ကို သူသူငါငါ မြင်ဖူးတွေ့ဖူးကြသည် ချည်း ဖြစ်သော်လည်း စာရေးကောင်းသူတို့သာလျှင် မမြင်ရသေးသူများ မြင်ရသကဲ့သို့ ဖြစ်လာအောင် စွမ်းဆောင်နိုင်ကြပေသည်။

ခင်နှင်းယု၏ **'မြကြာဖြူ'** (၁၉၉၅) ဝတ္ထုတွင် ရှယ်လီသည် အင်းလျားကန်ဘောင် ဘေးတွင် ကားရပ်၍ ကားပေါ်တွင် ထိုင်နေသည်။ ထိုအချိန်တွင် တွေ့နေရသော အင်းလျား အလှ၊ ပတ်ဝန်းကျင် သဘာဝ မြင်ကွင်းနှင့် ရှယ်လီ၏ ခံစားချက်များကို လှပစွာ သရုပ်ဖော် ရေးသားထားပုံမှာ-

> **အေးမြသော သစ်ရိပ်ကို ခိုလှုံနေသော ဥဩငှက်၏ တိုးညင်းသော တေးသံကို ကြားရစပြုလာသည်။ ကန်ရေပြင် မြသားပေါ်မှာ နေခြည်က စိန်ပွင့်များ ဖြန့်ကျဲသွားသည်။ ရေပြင်ကို ဖြတ်သန်းလာသော လတ်ဆတ်သော နံနက်ခင်းလေက သူ့ကိုဖက်ယမ်း နှုတ်ဆက်သည်။ ရစ်မူးမိန်းမောဖွယ် ကောင်းသော ပတ်ဝန်းကျင်။ သူမေ့လျော့ခဲ့သော တက္ကသိုလ်၏ တိမ်းမူးဖွယ် ပတ်ဝန်းကျင်မှာ သူ့ယခုတော့ လွမ်းတတ်လာပြီ။ သူမျှော်ရသော အလှည့်သို့**

[၁] ခင်နှင်းယု၊ ၁၉၉၉၊ ၁၄၇။

**ရောက်ခဲ့ပြီ။ လေးတွဲ့စွာ သက်ပြင်းချရင်း တက္ကသိုလ် ပရဝဏ်မှ**
**သူ့ကားလေး ကို ဖြည်းညင်းစွာမောင်း၍ ထွက်လာခဲ့သည်။**[၁]

ဟူ၍ ဖြစ်ပါသည်။ အေးမြသော သစ်ပင်ရိပ်နှင့်အတူ ဥဩငှက်ကလေး၏တေးသံကြောင့် ပတ်ဝန်းကျင်သည် လှုပ်ရှားအသက်ဝင်လာပါသည်။ ကန်ရေပြင်ပေါ်တွင် နေရောင်ခြည်ကျနေ သည်ကို 'ကန်ရေပြင် မြသားပေါ်မှာ နေခြည်က စိန်ပွင့်များဖြန့်ကျဲ' ဟူ၍ သရုပ်ဖော်ထားသည်။ နံနက်ခင်းလေက ရှယ်လီအား လာထိသည်ကို 'သူ့ကိုဖက်ယမ်းနှုတ်ဆက်' ဟု သက်ရှိသဖွယ် သရုပ်ဖော်ထားပါသည်။ ခင်ပွန်းသည် 'လင်း'ကိုစောင့်မျှော်ရင်းစိတ်မောရပုံကို 'လေးတွဲစွာ သက်ပြင်းချ'၊ ကားမောင်းထွက်ခဲ့ပုံကို 'ဖြည်းညင်းစွာ မောင်း၍ထွက်'ဟု လှုပ်ရှားပုံအမူအရာကို သရုပ်ဖော်ထားပါသည်။ ဤတွင်ဝတ္ထုပါဇာတ်ဆောင် ရှယ်လီ၏ ယခင်နှင့်ယခုဘဝအခြေအနေ အဆက်အစပ်ကို ဤစာပိုဒ်ဖြင့် သရုပ်ဖော်ထားကြောင်းတွေ့ရပါသည်။

ခင်နှင်းယု၏ သရုပ်ဖော်အဖွဲ့များကို လေ့လာကြည့်ရာ ခင်နှင်းယုသည် သဘာဝကို သရုပ်ဖော်မှု နိုင်နင်းကြောင်း တွေ့ရပါသည်။ သဘာဝအလှက ဇာတ်ဆောင်အပေါ် အကျိုးသက်ရောက်မှုကို ထည့်၍ ဖွဲ့လေ့ရှိခြင်း၊ တက္ကသိုလ်၏ အငွေ့အသက်ကို စွဲစွဲမက်မက် ထည့်၍ ဖွဲ့လေ့ရှိခြင်းကို တွေ့ရပါသည်။ ထိုအဖွဲ့တို့သည် စာဖတ်သူကို စွဲမက်စေပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ခင်နှင်းယု၏ ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များကို ဖော်ထုတ်တင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤသို့ဖော်ထုတ်ရာတွင် ခင်နှင်းယု၏ ဝတ္ထုရှည်များထဲမှ (၇)ပုဒ်ကို ရွေးထုတ်၍ လေ့လာခဲ့ပါသည်။ ခင်နှင်းယု၏ ဝတ္ထုရှည်များတွင် သရုပ်ဖော်စာပိုဒ်များ အလျှိုင်းတကြီးပါဝင်နေ ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဆရာကြီးမောင်ထင် ဖော်ပြထားသော ဘဝသရုပ်ဖော်ကောင်း၏ အခြေခံအင်္ဂါရပ် (၆)ပါးအနက် တစ်ပါးမကပင် ဝတ္ထုရှည်တိုင်း၌ ပါဝင်နေတတ်သည်။ ထိုအင်္ဂါရပ် (၆)ပါးအနက် တစ်ပါးကိုသာ ဤစာတမ်းတွင် အထူးအားဖြင့် လေ့လာတင်ပြထားပါသည်။

ခင်နှင်းယုသည် သဘာဝသရုပ်ဖော်ကျွမ်းကျင်ပိုင်နိုင်မှုရှိသူဖြစ်ပါသည်။ ခင်နှင်းယု၏ ဝတ္ထုရှည်များတွင် သကြံန်ပြီးစမြင်ကွင်း၊ ဝါကျွတ်ခါနီးမြင်ကွင်း၊ ဝါကျွတ်ပြီးစမြင်ကွင်းတို့ကို အနုစိတ် ရေးဖွဲ့ထားသည်။ နွေမိုးဆောင်းတို့၏ ရာသီသဘာဝကို ဖော်ထုတ်ရာတွင် အရုပ်ရော အသံပါ ဝေဝေဆာဆာထည့် သွင်းဖော်ပြထားသည်။ ထို့ပြင် အင်းလျားကန်၏ အလှသဘာဝကို ဖွဲ့ဆိုရာတွင် ဇာတ်လမ်းပါ ဇာတ်ဆောင်အပေါ် အကျိုးသက်ရောက်မှုများပါထည့်၍ ဖွဲ့လေ့ရှိခြင်း၊ တက္ကသိုလ်၏ အငွေ့အသက်ကို စွဲစွဲမက်မက်ထည့်၍ ဖွဲ့လေ့ရှိခြင်းတို့ တွေ့ရသည်။ ဆန့်ကျင်ဖက်နှစ်ခု အထူးအားဖြင့် ရွှက်အိုနှင့် ရွက်နု၊ သက်ရှိနှင့်သက်မဲ့၊ ဇာတ်ဆောင်၏ အတွင်းစိတ်အပူနှင့် သဘာဝ၏အအေးတို့၏ ပေါင်းဆုံမှု၊ အားပြိုင်မှုတို့ဖြင့် စာဖတ်သူတို့၏ စိတ်ကိုဆွဲငင်ခံစားစေခဲ့ပါသည်။

ထို့ကြောင့် ခင်နှင်းယု၏ ဝတ္ထုရှည်များကို လေ့လာကြည့်သောအခါ ခင်နှင်းယုသည် သဘာဝကို သရုပ်ဖော်ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံနေသောကြောင့် ဘဝသရုပ်ဖော်ကောင်းသည်ဟု မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

---

[၁] ခင်နှင်းယု၊ ၁၉၉၉၊ ၁၉၈။

## နိဂုံး

ခင်နှင်းယု၏ ဝတ္ထုရှည်များမှ သဘာဝသရုပ်ဖော်အဖွဲ့များ စာတမ်းကို တတ်စွမ်းသမျှ လေ့လာဖော်ထုတ် တင်ပြခဲ့ပါသည်။ ဤစာတမ်းသည် မြန်မာစာပေနှင့် သဘာဝသရုပ်ဖော်အဖွဲ့ လေ့လာလိုသူတို့အတွက် အထောက်အကူဖြစ်လျက် အခြားအခြားသော စာရေးသူများ၏ သဘာဝသရုပ်ဖော်အဖွဲ့များကိုလည်း ဆက်လက်သုတေသနပြုဖော်ထုတ်နိုင်ကြပါရန် အကြံပြုပါသည်။

## ကျမ်းကိုးစာရင်း


ခင်နှင်းယု။ (၁၉၆၂)။ ***ပိုးခန်းဆီးနောက်မှ ငရဲခန်း။*** ရန်ကုန်၊ ဖူးပွင့်ယဉ်စာအုပ်တိုက်။

ခင်နှင်းယု။ (၁၉၉၄)။ ***ပန်းများကိုပွင့်စေသူ၊ ဒုတိယအကြိမ်။*** ရန်ကုန်၊ ယောမင်းကြီးစာပေ။

ခင်နှင်းယု။ (၁၉၉၅)။ ***ဘယ်သို့သောအကြောင်းကြောင့်၊ ပထမအကြိမ်။*** ရန်ကုန်၊ ရွှေပြည်တော်စာပေ။

ခင်နှင်းယု။ (၁၉၉၆)။ ***မွေး၊ ဧကဒသမအကြိမ်။*** ရန်ကုန်၊ ရွှေပင့်ကူစာပေ။

ခင်နှင်းယု။ (၁၉၉၉)။ ***ပျားရည်အိုင်၊ ပထမအကြိမ်။*** ရန်ကုန်၊ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်အမှတ်-၆။

ခင်နှင်းယု။ (၁၉၉၉)။ ***မြကြာဖြူ၊ တတိယအကြိမ်။*** ရန်ကုန်၊ လင်းလင်းစာပေ။

ခင်နှင်းယု။ (၂၀၀၃)။ ***အောင်မြင်သောနေ့၊ ဒုတိယအကြိမ်။*** ရန်ကုန်၊ ချစ်စရာစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၈)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ၊ ပဥ္စမအကြိမ်။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

***စာပေဂျာနယ်။*** (၁၉၉၅)။ အတွဲ(၃)၊ အမှတ်(၁)။ ရန်ကုန်၊ အားမာန်သစ်ပုံနှိပ်တိုက်။

ထင်၊ မောင်။ (၁၉၈၁)။ ***ဝတ္ထုရှည်စာတမ်း၊ ဒုတိယတွဲ။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

အုန်းသော်၊ ဦး။ (၁၉၇၉)။ ***စာရေးနည်းလေးမျိုး၊ တက္ကသိုလ်ပထမနှစ်ပို့ချချက်။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။